# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 31 , 2023 Volume 68, Number 20

၃၁.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၇.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၅.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ(DEDC) အား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို ကျင်းပ



ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/ ၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်နေ့၊ နေ့လယ် (၁၄:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ နာယက ဖြစ်သော ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ၏ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့်ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ (၅) ခုမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ DEDC Task Force မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ နာယက၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာတစ်ဝန်းမှာရှိတဲ့

နိုင်ငံအသီးသီးဟာ Digital Transformation လို့ခေါ်တဲ့ ဒီဂျစ်တယ်အသွင်ကူးပြောင်းတဲ့ လုပ်ငန်းစဉ်တွေကို ဦးစားပေးပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ဒီဂျစ်တယ်နည်းပညာကို အကျိုးရှိရှိအသုံးပြုပြီး အုပ်ချုပ်ရေး၊ အခြေခံအဆောက်အဦနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ လူမှုရေးအစရှိတဲ့ နယ်ပယ်အသီးသီးမှာ ဒီဂျစ်တယ်အသွင်ကို ဟန်ချက်ညီညီ ကူးပြောင်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံရဲ့ Digital Economy ဖွံ့ဖြိုးတိုးတက်လာပြီး The Global Value Chain လို့ခေါ်တဲ့ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ချိတ်ဆက်လာနိုင်မှာဖြစ်ပါကြောင်း၊ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန်အတွက် အစိုးရနှင့်ပုဂ္ဂလိက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှာ မိုဘိုင်းစနစ်သုံး မြန်နှုန်းမြင့်အင်တာနက်အနေနဲ့ နိုင်ငံ့လူဦးရေ၏ ၉၀% ကို လွှမ်းခြုံနိုင်ပြီဖြစ်ပေမယ့် Fixed Broad band မှာတော့ သုံးစွဲသူ ၁ ဒသမ ၆ သန်းခန့်သာ ရှိနေသေးသည့်အတွက် မြန်နှုန်းမြင့်ဖိုင်ဘာအင်တာနက်ကို မြို့ကြီးတွေသာမက ကျေးလက်ဒေသအထိပါ လက်လှမ်းမှီ အသုံးပြုသွားနိုင်အောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူတွေလိုအပ်တဲ့ ကျွမ်းကျင်မှုနှင့်နည်းပညာအသစ်များရရှိစေရန်နှင့် အင်တာနက်ကို လူမှုကွန်ရက်နှင့် ဖျော်ဖြေရေးအဆင့်များ ထက်ကျော်လွန်ပြီး စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွေမှာ အကျိုးရှိစွာ သုံးစွဲနိုင်ရန် အရေးကြီးပါကြောင်း၊ ဒီဂျစ်တယ်နည်းပညာများရဲ့ အသုံးဝင်မှုနဲ့ အရေးကြီးမှုများဟာ ကိုဗစ်-၁၉ နဲ့ ကိုဗစ်-၁၉ အလွန်ကာလတွေမှာ ပိုမိုသိသာထင်ရှားလာတာကို အားလုံး မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် (Human Capital) များကို ပြုစုပျိုးထောင်ပေးဖို့ အလွန်အရေးကြီးပြီး နည်းပညာဆိုင်ရာ တက္ကသိုလ်၊ ကျောင်းများတွင် တက်ရောက်နေကြသည့် ကျောင်းသားကျောင်းသူ လူငယ်တွေကို ၎င်းတို့တတ်ကျွမ်းတဲ့နည်းပညာနဲ့ အမိနိုင်ငံတော်ရဲ့ Digital Transformation လုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနိုင်ရေး စည်းရုံးဆွဲဆောင်ဖို့လည်း လိုအပ်ပါကြောင်း၊ MSME လုပ်ငန်းတွေအနေဖြင့် အင်တာနက်ကို အကျိုးရှိရှိ အသုံးပြုပြီး မိမိတို့၏ ဝန်ဆောင်မှုတွေ၊ ထုတ်ကုန်တွေကို ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် ကြော်ငြာမှုပြုလုပ်၍ ဈေးကွက်ရှာဖွေခြင်း၊ ငွေပေးချေမှုတွင်လည်း လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်ပေးမယ်ဆိုရင် စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမှာဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်လာစေမှာဖြစ်ပါကြောင်း၊ e-Government အား ကျော်လွန်သွားပြီးနောက် Digital Government ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊ Digital Economy ၏ အဓိကကျတဲ့ မဏ္ဍိုင်တစ်ခုဖြစ်တဲ့ Digital Trade နှင့် e-Commerce ကိုအောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ဖို့နဲ့ မလိုလားအပ်တဲ့ဖြစ်ရပ်များကို တားဆီးနိုင်ဖို့အတွက် ဥပဒေ၊ စည်းမျဉ်းတွေနဲ့ ထိန်းကျောင်းဖို့လိုအပ်ပါကြောင်း၊ ဒါကြောင့် e-Commerce Law ကိုပြဋ္ဌာန်းသွားနိုင်ဖို့ အတွက် e-Commerce Law ရေးဆွဲရေးကော်မတီကို ၂၀၁၉ ခုနှစ်မှာ ဖွဲ့စည်းခဲ့ပြီး ပထမမူကြမ်းကို ရေးဆွဲခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် (၁၂) ချက်နှင့်အညီ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်နေသည့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့်ကိုက်ညီမှုရှိအောင်ရေးဆွဲပြီးဖြစ်တဲ့ Roadmap ကို ဖြည့်စွက်မွမ်းမံရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသည် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို စတုတ္ထအကြိမ်မြောက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးသည့်နောက် ပထမဆုံးအကြိမ်ကျင်းပသော အစည်းအဝေးဖြစ်တာနဲ့အညီ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များနဲ့ ကော်မတီရဲ့လုပ်ငန်းရပ်များ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေး အခြားအကြံပြုလိုသည်များကိုလည်း ပွင့်လင်းစွာဆွေးနွေးတင်ပြပေးစေလိုကြောင်းဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက DEDC ကော်မတီ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂) ရပ်ပါ စီးပွားရေးဦးတည်ချက် (၄)ရပ်နှင့်အညီဖြစ်စေရေး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်သွားရန်၊ ဆပ်ကော်မတီအဖွဲ့ဝင်များကို လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ပြင်ဆင်ဖြည့်စွက်ရန်၊ မြန်မာ ဒီဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ (Myanmar Digital Economy Roadmap) အား ခေတ်ကာလနှင့်အညီ ဖြစ်စေရေး၊ Action Plan များ/ Action Matrix များကို လက်တွေ့တွင် အမှန်တကယ်ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များ အဖြစ် ပြန်လည်ပြင်ဆင်ရေးဆွဲရန်နှင့် ၎င်းလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ရေး DEDC Task Force ဖွဲ့စည်းနိုင်ရေးကိစ္စတို့ကို မှာကြားဆွေးနွေးခဲ့ပါသည်။

ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ လက်အောက်ရှိ ဆပ်ကော်မတီ (၅) ခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြခဲ့ကြပါသည်။

ဆွေးနွေးမှုများအပေါ် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးတင်ပြ၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြပါသည်။ ထို့နောက် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ နာယက၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၏ ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက တက်ရောက်လာကြတဲ့ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ပြီး သတင်းအချက်အလက်တွေဖလှယ်ကြဖို့ လိုအပ်မှာ ဖြစ်ပါကြောင်း၊ သတင်းအချက်အလက်တွေ ချိတ်ဆက်/ ဖလှယ်အသုံးပြုဖို့အတွက် Standard Format စံသတ်မှတ်ချက်တွေ (Standardization) ကိုလည်း ထည့်သွင်း စဉ်းစားဖို့ လိုအပ်မှာဖြစ်ပါကြောင်းနှင့် ဆိုက်ဘာလုံခြုံရေးသတိ မြှင့်တင်ပညာပေးဆောင်ရွက်သွားဖို့လိုအပ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**Source: စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

https://www.commerce.gov.mm/my/article/

## ၂၀၂၃ ခုနှစ် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ(ကျူးဟိုင်း) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စတင်ထွက်ခွာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ အခြေစိုက်သည့် အာဆီယံ-တရုတ်ဗဟိုဌာန (ASEAN-China Centre-ACC) ၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့်ကူးရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၊ ကွမ်းတုန်းပြည်နယ်၊ ရှန်းကျန်းမြို့၌ ကျင်းပပြုလုပ်မည့် ၂၀၂၃ ခုနှစ် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ (ကျူးဟိုင်) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ်(2023 AESEN-China Greater Bay Area (Qiangai) Economic Cooperation Forum) သို့ တက်ရောက်ရန်အတွက် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံသို့ ခရီးထွက်ခွာသွားပါသည်။

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန်နှင့် သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစသည့် နယ်ပယ်များ၌ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ပြီး မဟာပင်လယ်အော်ဒေသ၏ အခန်းကဏ္ဍကို အလေးပေးထည့်သွင်းဆွေးနွေးရန် ရည်ရွယ်ကာ အာဆီယံ-တရုတ်ဗဟိုဌာနက အဆိုပါဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို တက်ရောက်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ (၁၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့၊ (၀၉:၃၀)နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပပြုလုပ်သည့် (၁၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့

ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန်မှ နေပြည်တော်၊ ပျဉ်းမနားမြို့ မြို့သစ်ကျောင်းဆရာတော် ဘဒ္ဒန္တ ခေမာစာရနှင့် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဘွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တက်ရောက်လာကြသော အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများက ဆရာတော် အရှင်သူတော်မြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကာ ဝါဆိုသင်္ကန်းများ အသီးသီးဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီး သံဃာတော်အရှင်သူတော်မြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်ပြန်လည်ကောင်းမွန်မှုအပေါ် စိတ်အားတက်နေ

ကုန်သွယ်မိတ်ဖက်များဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်ကောင်းမွန်မှု နှေးကွေးနေခြင်း၊ ဥရောပသမဂ္ဂ၏ စီးပွားရေးအခြေအနေသည် ထိလွယ်ခိုက်လွယ်ဖြစ်နေခြင်း၊ Black Sea Grain Initiative မှ ရုရှားနိုင်ငံ နုတ်ထွက်သွားခြင်းနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် မိုးခေါင်ခြင်းစသည်တို့ ကြုံတွေ့နေရသော်လည်း ယခုနှစ်၏ ကျန်လများအတွင်း နိုင်ငံ၏ပို့ကုန် တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာမည့် အလားအလာအပေါ် ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယုံကြည်မှုခိုင်မာနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

ပို့ကုန်ပြန်လည်ကောင်းမွန်စေရေးအတွက် အလားအလာခိုင်မာသော ဈေးကွက်များတွင် ဈေးကွက်ဖွင့်လှစ်ခြင်းကို အရှိန်မြှင့်တင်သွားရန်ဖြစ်ကြောင်း၊ ယင်းဈေးကွက်များမှာ အာရှအလယ်ပိုင်း၊ လက်တင်အမေရိကနှင့် အာဖရိကတို့ဖြစ်ကြောင်း၊ သို့မှသာ အဓိကပို့ကုန်ဈေးကွက်များတွင် နှေးကွေးနေမှု၏သက်ရောက်မှုကို လျော့ပါးစေနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Keerati Rushchano က ပြောကြားပါသည်။

ကမ္ဘာနှင့်အဝှမ်း အစားအစာပြတ်လပ်မှုအပေါ် စိတ်ပူပန်နေမှုများသည်လည်း လယ်ယာထွက်ပစ္စည်းများ၏ ပို့ကုန်များကို ဆွဲတင်သွားနိုင်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ ပို့ကုန်မြှင့်တင်ရန်နှင့်မြှင့်တင်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဩဂုတ်လ၌ ကူမင်းတွင်လည်းကောင်း၊ စက်တင်ဘာလ၌ နန်နင်းနှင့်ရှန်ဟိုင်းတို့တွင်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါသည်။

ဇွန်လအတွင်း ပို့ကုန်များအတွက် အကောက်ခွန်ရှင်းလင်းခဲ့မှုတန်ဖိုးသည် ၉ လဆက်တိုက် ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄.၈ ဘီလီယံဖြစ်ကြောင်း၊ သွင်းကုန်ပမာဏလည်းလျော့နည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၄.၇ ဘီလီယံဖြစ်ကြောင်း၊ လယ်ယာနှင့် စက်မှုလယ်ယာထုတ်ကုန်များ တင်ပို့ခဲ့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄.၅၃ ဘီလီယံ၊ စက်မှုထုတ်ကုန် တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၉.၃ ဘီလီယံဖြင့် အသီးသီးကျုံ့သွားခဲ့ကြောင်း၊ ဝန်ကြီးဌာနက ၎င်း၏ တစ်နှစ်ပတ်လုံးအတွက် ပို့ကုန်တိုးတက်မှုမျှော်မှန်းချက်ကို ၁-၂ ရာခိုင်နှုန်းအတွင်း ထိန်းထားဆဲဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

မော်တော်ယာဉ်နှင့် အစိတ်အပိုင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဆန်၊ သကြားနှင့်အစားအစာများသည် အခြေအနေကောင်းမွန်ပါကြောင်း၊ တရုတ်အပေါ် မှီခိုနေရသည့် ပလပ်စတစ်အလုံးများနှင့် ဓာတုပစ္စည်းများသည် အနုတ်လက္ခဏာပြနေပါကြောင်း၊ လစဉ်ပို့ကုန်ပျမ်းမျှတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံရှိပါက တစ်နှစ်ပတ်လုံး အတိုင်းအတာအတွက် တွက်ချက်ရာတွင် ကောင်းမွန်သည့်အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း ထိုင်းပို့ကုန်လုပ်ငန်းရှင်များကောင်စီ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Chaichan Chareonsuk က ဖြည့်စွက်ပြောကြားပါသည်။

**Source: www.bangkok post. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_280720230337

## မအူပင်မြို့နယ်၌ ထောပတ်ပဲ(အပြားကြီး)တစ်တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀ အထိ ဈေးကောင်းရရှိနေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ထောပတ်ပဲ(အပြားကြီး) တစ်တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀ အထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်စုစုလှိုင်၏ ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ဇွန်လက ထောပတ်ပဲ (အပြားကြီး) တစ်တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀ သာ ဈေးရရှိပြီး ဇူလိုင် ၁ ရက်မှ လက်ရှိအချိန်ထိ ထောပတ်ပဲ (အပြားကြီး) တစ်တင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀ အထိ ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း၊ အဆိုပါထောပတ်ပဲများ ဈေးကောင်းရရှိလာခြင်းသည် ရန်ကုန်မြို့မှ ဝယ်ယူမှုများပြားလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ထောပတ်ပဲတွေ ဝယ်လိုအားကောင်းပြီး ဈေးကောင်းလာတယ်။ ပြည်ပဈေးကွက်ကို ထောပတ်ပဲ ပြန်တင်ပို့နေလို့လည်း ဝယ်လိုအားကောင်းလာတာပါ။ လက်ရှိ ရန်ကုန်မြို့ကို နေ့စဉ် ထောပတ်ပဲအိတ်ရေ ၁၀၀ ကျော်အထိ တင်ပို့ရောင်းချနေရတယ်။ ထောပတ်ပဲက လာမယ့် ပဲပေါ်ရာသီမရောက်မီအထိ အရောင်းအဝယ်နဲ့ဈေးပါ အခုထက် ပိုကောင်းလာဖို့ရှိပါတယ်" ဟု ဒေါ်စုစုလှိုင်ကပြောသည်။

မအူပင်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်ပဲများကိုဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/43762

## အရန်ဆန်တိုးမြှင့်ရန် ဖိလစ်ပိုင်သမ္မတပြောကြား

ဆန်တင်သွင်းမှု အများဆုံးနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတဖာဒီနန်မားကို့စ်က ဖိလစ်ပိုင်နိုင်ငံ၏ ဖိလစ်ပိုင်နိုင်ငံ၏ အရန်ဆန်လက်ကျန်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အယ်နီညိုရာသီဥတုခြောက်သွေ့မှုသည် ပြည်တွင်းစပါးထွက်ရှိမှုကိုသာမက ဆန်တင်ပို့သည့် နိုင်ငံများအပေါ်တွင်လည်း သက်ရောက်မည့် အလားအလာအပေါ် စိုးရိမ်မကင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ဘာစမာတီမှအပ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ထားသော အိန္ဒိယထံမှ ဆန်ဝယ်ယူနိုင်ဖို့ ကြိုးပမ်းမည်ဟု ၎င်းကပြောကြားသည်။

ဖိလစ်ပိုင်သည် အစဉ်အလာအားဖြင့် အိမ်နီးချင်း ဗီယက်နမ်နိုင်ငံမှ ဆန်ကို အဓိကထားပြီး ဝယ်ယူသည်။ သို့သော် အခြား ဝယ်လက်များ များပြားလာသည်နှင့်အမျှ ဗီယက်နမ်ဆန်ရဖို့ အကန့်အသတ်ရှိလာနိုင်ကြောင်း မားကို့စ်က ပြောကြားသည်။ အိန္ဒိယဆန် ဝယ်ယူနိုင်လိမ့်မည်ဟု ယူဆကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယသည် အစိုးရအနေဖြင့် ဆန်ဝယ်ယူခြင်းကို တံခါးဖွင့်ပေးထားသည်။ ဆန်ဝယ်ယူလိုသည့် နိုင်ငံ၏ ဆန်လိုအပ်ချက်အရ အိန္ဒိယဆန် ရောင်းချဖို့ စဉ်းစားပေးမည်ဟု ဆိုသည်။

ဖိလစ်ပိုင်တွင် ဆန်တင်သွင်းမှုကို ပုဂ္ဂလိကကဏ္ဍမှဆောင်ရွက်သည်။ အစိုးရဌာနများက အရန်ဆန်သိုလှောင်ရန် လယ်သမားများထံမှဝယ်ယူသည်။ အရန်ဆန်အတွက် ပြည်ပမှတင်သွင်းခြင်းကို အရေးပေါ်ကိစ္စရပ်အဖြစ် သမ္မတက အတည်ပြုပေးရန်လိုအပ်သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6588-philippine.html

## ဈေးကွက်အေးနေသည့် ပဲနှမ်းဈေးကွက် ပဲတီစိမ်း၊ မြေပဲဆန်နှင့် ပြည်တွင်းသုံး ကုလားပဲအုပ်စုတို့ အရောင်းအဝယ်ပြန်သွက်လာ

ဇူလိုင်လကုန်ပိုင်းတွင် ပဲနှမ်းဈေးကွက်အတွင်း ပဲတီစိမ်း၊ မြေပဲဆန်နှင့် ပြည်တွင်းသုံး ကုလားပဲအုပ်စုတို့ အရောင်းအဝယ် ပြန်ကောင်းလာကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ဇူလိုင်လဆန်းပိုင်းကတည်းက အရောင်းအဝယ်အေးနေသည့် ပဲနှမ်းဈေးကွက်မှာ ယခုသီတင်းပတ်တွင် ပြန်လည် အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

ပြည်တွင်း စားအုန်းဆီ ရည်ညွှန်းဈေး မြင့်တက်လာတာနဲ့အတူ ပဲဆီမှာလည်း လိုက်ပါဈေးမြင့်တက်လာရာ မြေပဲဆီဆန်နှင့် မြေပဲလုံးဆန်တို့မှာ အရောင်းအဝယ် ခပ်သွက်သွက်ဖြစ်လာကြောင်း ပို့ကုန်ပဲများအနေဖြင့် တရုတ်လိုင်း တင်ပို့သည့် ပဲတီစိမ်းမှာ အရောင်းအဝယ်ကောင်းလာပြီး အိန္ဒိယတင်ပို့သည့် မတ်ပဲဈေးမှာလည်း ယခုသီတင်းပတ်အတွင်း အနည်းငယ်ပြန်လည် မြင့်တက်လာကြောင်း၊ ပြည်တွင်းလက်ကျန်နည်းလာသည့် ကုလားပဲအုပ်စုမှာလည်း ဈေးမြင့်တက်လာသလို တရုတ်နိုင်ငံမှ တင်သွင်းသည့် ကနေဒါစားတော်ပဲမှာလည်း ငွေဈေးမြင့်တက်လာတာနဲ့အတူ လိုက်ပါဈေးမြင့်တက်လာကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်ကပြောသည်။ “စားအုန်းဆီဈေး မြင့်တက်လာတာနဲ့အတူ မြေပဲဆန်ဈေးမတက်သော်လည်း ခပ်သွက်သွက် အရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းသုံးကုလားပဲအုပ်စုလည်း အနည်းငယ်ဈေးမြင့်တက်လာပါတယ်။ ပို့ကုန်ပဲများအနေနဲ့ မတ်ပဲနှင့်ပဲတီစိမ်းဈေး ပြန်မြင့်တက်လာပါတယ်။ ဒါပေမယ့် ပဲစင်းငုံကတော့ ပြည်တွင်း လက်ကျန်နည်းလာလို့ အရောင်းအဝယ်အေးပြီး ဈေးကျဆင်းလာပါတယ်”ဟု ၎င်းကပြောသည်။

ဇူလိုင် ၂၇ ရက် သုံးတင်းဝင် မတ်ပဲ ပိဿာ ၆ဝ တစ်အိတ်လျှင် ငွေကျပ် ၂၂၅ဝဝဝ ပေါက်ဈေး၊ ပဲစင်းငုံ ပိဿာ ၆ဝ တစ်အိတ် လျှင် ငွေကျပ် ၂၉ဝဝဝဝ သာ ပေါက်ဈေးရှိတော့သည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၅ဝဝဝ ပေါက် ဈေးရှိတော့သည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဇူလိုင် ၂၇ ရက်တွင် တစ်အိတ်လျှင် ငွေကျပ် ၁ဝဝဝဝ ခန့် ဈေးပြန်မြင့်တက်ရာ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၅ဝဝဝ၊ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅၇ဝဝဝ၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၃ဝဝဝ၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆ဝဝဝဝ ပေါက်ဈေးဖြစ်နေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၅ဝဝဝ၊ ပဲထောပတ်တစ်အိတ် လျှင် ငွေကျပ် ၃၄ဝဝဝဝ၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၅ဝဝဝ၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄ဝဝဝဝဝ၊ မြေပဲအနီ လုံးဆန်(ဝိုင်း)တစ်ပိဿာ ငွေကျပ် ၉၅ဝဝ ပေါက်ဈေးရှိကြောင်း သိရသည်။

နှမ်းမျိုးစုံဈေးကွက်မှာ သိသိသာသာ ဈေးပြန်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၈ဝဝဝဝ၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၂၉၅ဝဝဝ၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၃၄၅ဝဝဝ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်တွင်း၌စိုက်ပျိုးသည့် ဂျုံသီးနှံများ ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးနှုန်းတည်ငြိမ်စွာဖြင့် အရောင်းအဝယ် သွက်နေ



ပြည်တွင်း၌စိုက်ပျိုးသည့် မြန်မာလယ်ယာထွက်ကုန် ဂျုံသီးနှံများ ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးနှုန်းတည်ငြိမ်စွာဖြင့် မန္တလေးဈေးကွက်အတွင်း၌ အရောင်း အဝယ်များ သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

ဂျုံသီးနှံများသည် မန္တလေးဈေးကွက်အတွင်းသို့ နယ်စုံဒေသတို့မှ ဝင်ရောက်လာကာ အရောင်းအဝယ်သွက်လက်ကောင်းမွန်နေကြောင်း၊ ဂျုံသီးနှံသည် ဖေဖော်ဝါရီလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈ဝဝဝဝ ဈေးရှိခဲ့ပြီး၊ ယခုအချိန်တွင်လည်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈ဝဝဝဝ ဈေးဖြင့်ရှိနေကာ ဈေးကွက်အတွင်း ဈေးနှုန်း တည်ငြိမ် စွာဖြင့် အရောင်းအဝယ်များသွက်လက်ကောင်းမွန်နေကြောင်း၊ ထိုသို့ဈေးနှုန်း တည်ငြိမ် နေခြင်းကြောင့် ပြည်တွင်းစားသုံးသူပြည်သူများအတွက် အဆင်ပြေလျက်ရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ဂျုံသီးနှံတွေက ဈေးနှုန်းတည်ငြိမ်စွာနဲ့ အရောင်းအဝယ်တွေ သွက်လက်နေပါတယ်။ ဂျုံသီးနှံကတော့ ကမ္ဘာမှာ စားသုံးမှု အများဆုံးသီးနှံဖြစ်တယ်။ မြန်မာနိုင်ငံမှာတော့ ဆန်စပါးပြီးရင် ဂျုံသီးနှံဟာ ဒုတိယအများဆုံးစားသုံးတဲ့ သီးနှံဖြစ်ပါတယ်။ ဂျုံတွေ ဈေးကွက်အတွင်း အရောင်းအဝယ်တွေ သွက်လက်ကောင်းမွန်နေတာကြောင့် တောင်ပေါ်၊ မြေပြန့် ဂျုံစိုက် တောင်သူတွေအတွက် အမြတ်အစွန်းရပြီး အကျိုးရှိတဲ့နှစ်ဖြစ်ပါတယ်။ ယခင်က ဂျုံမှုန့်ကို ပြည်ပကနေ မှာယူ တင်သွင်းတာတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားဝင်ငွေယိုဖိတ်မှုကို တားဆီးနိုင်အောင်လို့ ဒုတိယအများဆုံးစားသုံးတဲ့ ဂျုံစိုက်ကေတွေကို တိုးချဲ့ပြီးစိုက်ပျိုးသင့်ပါတယ်။ ယခုလိုဂျုံဈေးတွေ ကောင်းနေတာကြောင့် လာမယ့်နှစ် ဂျုံရာသီမှာ စိုက်ကေတွေတိုးလာမှာပါ။ ဆယ်စုနှစ်အတွင်းမှာ ဂျုံစားသုံးသူတွေဟာ ပြည်တွင်းမှာ တစ်နှစ်ထက်တစ်နှစ်များပြားလာပါတယ်။ ဂျုံကလည်း မြန်မာပြည် အတွက် စားသုံးတဲ့နေရာမှာ အရေးပါတဲ့အရာဖြစ်ပါတယ် ” ဟု ၎င်းကပြောသည်။

ဂျုံသီးနှံကို တစ်နှစ်လျှင်တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြကြောင်း၊ မြန်မာပြည်တွင် ဂျုံသီးနှံကို မန္တလေးတိုင်း ဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အဓိကထားစိုက်ပျိုးကြပြီး၊ ရှမ်းပြည်(တောင်ပိုင်း)၊ ရှမ်းပြည်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း၊ ဂျုံသီးနှံသည် နေရာဒေသမရွေး စိုက်ပျိုး၍မရနိုင်ကြောင်း၊ ရာသီဥတုနှင့်မြေအမျိုးအစားပေါ်မူတည်ပြီး စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကြက်သွန်နီဈေးနှုန်း အတက်စောလို့ ပြည်ပအဝယ်မလိုက်ဘဲ တင်ပို့နိုင်မှုလျော့ကျနေ




ယခုနှစ် ကြက်သွန်နီဈေးနှုန်း အတက်စောတာကြောင့် ပြည်ပအဝယ်မလိုက်ဘဲ တင်ပို့နိုင်မှုလျော့ကျနေတယ်လို့ မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

ပြည်ပတင်ပို့မှုက စောစောဈေးတက်တော့ Normal Trade မှာ မတင်ရသလောက်ဘဲ၊ တခါတင်မှ တစ်လုံး နှစ်လုံး ဒါလည်း တစ်လတစ်ခါတောင် တင်ဖြစ်လားတောင်မသိဘူး။ Border Tade တွေလည်း ဒီရက်ပိုင်း လမ်းခရီးတွေက မကောင်းတဲ့အခါကျတော့ သိပ်မသွားဘူး။ အဲ့ဒါကြောင့် ကြက်သွန်ဈေးက ၂၀၀၀ ဝန်းကျင်မှာပဲ အတက်ဈေးလည်း ဖြစ်မလာဘူး။ Export သွားတာ ဒီနှစ်တော်တော်ကိုနည်းပါတယ်လို့ စားဖိုဆောင်အသင်းမှ တာဝန်ရှိသူကပြောပါတယ်။

လက်ရှိ ကြက်သွန်နီဈေးနှုန်းအနေနဲ့ တစ်ပိဿာကို ကျပ် ၁၉၀၀ မှ ၂၃၀၀ ကြား၊ ကြက်သွန်ဖြူ ကြူကုတ်တစ်ပိဿာကို ကျပ် ၇၀၀၀ မှ ၇၁၀၀ ကြား၊ ရှမ်းကြက်သွန်ဖြူဈေးက ၇၇၀၀ မှ ၈၃၀၀ ထိဈေးရှိပြီး ယခင်နှစ်နဲ့နှိုင်းယှဉ်ပါက ကြက်သွန်ဖြူဈေး နှစ်ဆကျော်လောက်မြင့်တက်လာသလို ကြက်သွန်နီဈေးကလည်း ကျပ် ၄၀၀ ဝန်းကျင် မြင့်တက်တယ်လို့ သိရပါတယ်။ ကြက်သွန်နီဈေး အတက်စောတဲ့အတွက် ဈေးထပ်တက်နိုင်ခြေနည်းသလို လှောင်လတ်အမြတ်မပေါ်တဲ့ အခြေအနေ ဖြစ်နိုင်တယ်လို့ သိရပါတယ်။

ပြည်တွင်းလက်ကျန်ကလည်းများနေပြီး ပြည်တွင်းစားသုံးမှုအားကျဆင်းတော့ အရောင်းအဝယ်မကောင်းတာတွေရှိနေ တယ်။ နောက်ထပ်တော့ ဈေးအများကြီး မတက်နိုင်တော့ဘူး။ ၂၀၀၀ ဝန်းကျင်၊ ၁၈၀၀ လောက် ဝယ်ထားတဲ့သူဆိုရင် အလျော့တွက်နဲ့ဆို လေးငါးထောင်ဖြစ်မှမြတ်မှာ။ ၃၀၀၀ ကျော်ကျော်လောက်ဖြစ်လည်း အလျော့တွက်နဲ့ဆို အရင်းလောက်ပဲ ရှိမှာဆိုတော့ ဈေးထပ်မတက်နိုင်တော့တဲ့အတွက် လှောင်လက်တွေ သိပ်မမြတ်နိုင်တော့ဘူးလို့ ယူဆရပါတယ်လို့ စားဖိုဆောင် အသင်းမှ တာဝန်ရှိသူကပြောပါတယ်။

လက်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်ကားအစီးရေ ၂၅ စီးခန့် ပုံမှန်အဝင်ရှိပေမယ့် အရောင်းအဝယ် အေးနေတယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို MyanmaPlatform မှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## ဇူလိုင်လ ၂၄ မှ ၂၈ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**မတ်ပဲ**

မတ်ပဲကတော့ နှစ်ပတ်ဆက်တိုက်ဈေး မြင့်တက်နေတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဈေးကွက်ထဲကို အသစ်အဝင်အနည်းငယ်ရှိနေပြီး အဝင်ရှိသလောက် အရောင်းအဝယ်ရှိနေတယ်လို့သိရပါတယ်။ ငွေစက္ကူဂယက်ကြောင့် ကုန်သည်များက စောင့်ကြည့်နေကြတဲ့အတွက် အဝယ်ရှိနေပေမယ့် အရောင်းကတော့မရှိဘူးလို့ ကုန်သည်အချို့ကဆိုပါတယ်။ ဈေးကွက်အတွင်း ပဲလက်ကျန်လည်း သိပ်မရှိတဲ့အတွက် ဈေးအတက်အကျကတော့ အများကြီးမရှိပေမယ့် နေ့စဉ် ငွေလဲလှယ်ပေါက်ဈေးနှုန်းအတိုင်းတော့ ပြောင်းလဲနေတဲ့အခြေအနေ ဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ(FAQ/RC)က တစ်တန်ကို ၂၂၉၅၀၀၀ ပေါက်ဈေး ရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၅၀၀၀၀ နီးပါးဈေး မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၂၀၀၀၀ ကနေ ၂၂၅၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဈေးကွက်အတွင်း လက်ကျန်လည်းမရှိတဲ့အတွက် အရောင်းအဝယ်လည်းမရှိသလို ငွေဈေးကြောင့် အတက်အကျ အပြောင်းအလဲကလည်း ထူးခြားစွာမရှိသည်ကို တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံမှာ မုတ်သုံကြောင့် မိုးစိုက်ပဲကေလျော့နည်းမယ်လို့ ထုတ်ပြန်ထားပါတယ်။ ပဲဈေးကိုထိန်းချုပ်ရန်အတွက် အိန္ဒိယအစိုးရက အမျိုးမျိုးလုပ်ဆောင်နေခဲ့ပြီး ပြည်တွင်းမှာတော့ လက်တလောအခြေအနေအရ ငြိမ်နေတဲ့အခြေအနေလို့ သတ်မှတ်ရနိုင်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ တစ်တန်ကို သိန်း ၃၀ ပတ်ချာလည်နဲ့ ၂ ပတ်ဆက်တိုက် ဈေးငြိမ်နေခဲ့ပါတယ်။ မန္တလေးဈေးကွက်မှာတော့ ဈေးမဖွင့်ပါဘူး။

**ကုလားပဲ**

ကုလားပဲကတော့ ဆက်တိုက်ဈေး မြင့်တက်နေပါတယ်။ ငွေကျပ် ၂ သောင်းတန် ဂယက်ကြောင့် ဈေးမြင့်တက်ပေမယ့် ဈေးကွက်ထဲကို အဝင်နည်းနေပြီး အဝယ်သွက်နေတဲ့အတွက် ဈေးမြင့်တက်နေတယ်လို့ သိရပါတယ်.။ ပြည်ပကနေတဆင့် ပြန်လည် တင်သွင်းရောင်းချပေမယ့်လည်း လက်ရှိတည်ငြိမ်မှုမရှိတဲ့ ငွေဈေးကြောင့် ဈေးကကျဆင်းသွားတာမျိုး မရှိဘူးလို့လည်း ကုန်သည်များကဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၄၃၃၀ မှ ၄၄၂၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၈၅ ကျပ် ဈေးမြင့်တက်လာပါတယ်။ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၄၄၁၅ မှ ၄၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၀ ကျပ်ဈေး မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) တစ်အိတ်ကို ၂၅၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ကျပ်၊ ကုလားပဲ 929 ကတော့ တစ်အိတ်ကို ၂၅၉၀၀၀ မှ ၂၆၀၀၀၀ ပေါက်ဈေးရှိပြီးတစ်အိတ်ကို ၁၀၀၀၀ ကျပ်၊ ကုလားပဲ(V2)ကတော့ တစ်အိတ်ကို ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်၊ V7 ကတော့ တစ်အိတ်ကို ၂၅၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် အသီးသီးဈေးတက်လာပါတယ်။

**ထောပတ်ပဲ**

ထောပတ်ပဲကတော့ ပြီးခဲ့တဲ့အပတ်ကအထိ အမြင့်ဈေးနဲ့ငြိမ်နေရာမှ ဒီတစ်ပတ်မှာတော့ ထပ်ပြီးဈေးမြင့်တက်လာပါတယ်။ ပြည်ပဝယ်ယူမှုရှိနေတဲ့အပြင် ဈေးကွက်ထဲအဝင်နည်းတဲ့အတွက် ဈေးတွေပြန်မြင့်တက်လာတာလို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ပိဿာကို ၄၁၇၀ ကျပ် ရှိနေပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၂၈၅၀၀၀ ကနေ ၃၃၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**စွန်တာပဲ**

ဈေးတွေ မြင့်တက်ခဲ့တဲ့ စွန်တာပဲကတော့ ဈေးတွေပြန်ကျဆင်းသွားပါတယ်။ ဈေးကွက်ထဲကို အဝင်များနေတဲ့အတွက် ဈေးတွေ ပြန်ကျဆင်းသွားတာ ဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ တစ်ပိဿာကို ၂၆၉၅ ကနေ ၂၈၇၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ်ဈေး ကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ စွန်တာ (ရိုးရိုး)က တစ်အိတ်ကို ၁၅၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၁၀၀၀ ကျပ်၊ စွန်တာ (ကသဲ)ကတော့ တစ်အိတ်ကို ၁၆၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

**စားတော်ပဲ**

ပြည်တွင်းစားတော်ပဲကတော့ ဈေးကွက်ထဲ လက်ကျန်မရှိတဲ့အတွက် အတက်ဈေးနဲ့ ဈေးငြိမ်သွားခဲ့ပေမယ့် ပြည်ပကနေ တဆင့်တင်သွင်းတဲ့ ကနေဒါနဲ့ယူကရိန်းစားတော်ပဲတို့ကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ပြည်တွင်း စားသုံးမှုများတဲ့ ပဲဖြစ်တဲ့အတွက် လက်ရှိ ပဲဈေးကွက်မှာ အမြင့်ဆုံးရရှိနေတဲ့ ပဲလည်း ဖြစ်ပါတယ်။

ပြည်တွင်း စားတော်ပဲ (ကျွန်း)က တစ်အိတ်ကို ၄၀၀၀၀၀ ထိပေါက်ဈေးရှိနေပါတယ်။ ကနေဒါစားတော်ပဲကတော့ တစ်အိတ်ကို ၂၀၀၀၀၀ ကနေ ၂၀၅၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ ယူကရိန်းစားတော်ပဲကလည်း တစ်အိတ်ကို ၁၈၈၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၃၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဈေးကွက်ထဲအဝင်များနေပေမယ့် အနည်းငယ်မြင့်တက်လာပါတယ်။ ငွေကျပ် ၂ သောင်းတန် ဂယက်ကြောင့် ဈေးမြင့်တက်တယ်လို့ ခန့်မှန်းမှုတွေရှိပေမယ့် ပွဲတော်ကာလဖြစ်တဲ့အတွက် အဝယ်များပြီး ဈေးမြင့်တက်လာတာဖြစ်တယ်လို့ ကြက်သွန်ကုန်သည်တွေက ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကြက်သွန်နီက တစ်ပိဿာကို ၁၈၀၀ ကနေ ၂၂၅၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် တစ်ပိဿာကို ၁၅၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ ဈေးကွက်ထဲကို နေ့စဉ် ကြက်သွန်နီပိဿာချိန် ၂၅၀၀၀၀ ခန့် အဝင်ရှိနေပါတယ်။

**Source:** https://t.me/htwettoe

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများတင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China–GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉) တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်/တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အောက်ဖော်ပြပါ ကုန်စည်အမျိုးအစား (၁၈) ခုတို့ကို တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တွင် မှတ်ပုံ တင်ရမည်ဖြစ်ပါသည်-

(က) အသားနှင့် အသားထုတ်ကုန်များ
(ခ) ရေထွက်ကုန်များ
(ဂ) နို့ထွက်ပစ္စည်းများ
(ဃ) ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ
(င) အစာသွတ်ရန် အသုံးပြုသည့် အပေါ်ခွံ
(စ) ပျားရည်နှင့် ပျားထွက်ပစ္စည်း
(ဆ) ဥနှင့် ဥထုတ်ကုန်များ
(ဇ) စားသုံးဆီ

အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ

(ည) စားသုံးနိုင်သော အစေ့အဆံများ

( ဋ ) ကြိတ်ခွဲသီးနှံ ထွက်ကုန်များနှင့် မုယောစပါး

( ဌ ) လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် ရေခဲတိုက်ထုတ်ထားသော ဟင်းသီးဟင်းရွက်များ

( ဍ ) ပဲမျိုးစုံ

( ဎ ) အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ

(ဏ) အခွံမာသီးနှင့် အစေ့အဆံများ

(တ) သစ်သီးခြောက်များ

(ထ) မလှော်ထားသော ကော်ဖီစေ့နှင့် ကိုကိုးစေ့များ

( ဒ ) အထူးအဟာရအစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ဖြစ်ကြပါသည်။ အဆိုပါ ကုန်ပစ္စည်းအမျိုးအစား (၁၈) အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/တင်ပို့မည့် လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့အထိ ကုမ္ပဏီ/စက်ရုံ (၁၃၂၆) ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း (၂၄၀၅) စောင်အား မှတ်ပုံတင်ရန်လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၁၈၃) ခု၊ စောင်ရေ (၂၂၆၂) စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/စက်ရုံ (၁၂၀) ခု၊ စောင်ရေ (၁၂၀) စောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၄) ခု၊ စောင်ရေ (၁၄) စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ (၉) ခု၊ စောင်ရေ (၉) စောင်ဖြစ်ပါသည်။

အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များအပါအဝင် ကုန်စည်များအား တရားဝင်တင်ပို့နိုင်ရန်အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ် https://cifer.singlewindow.cn ၌ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) အောက်ရှိ CIFER မှတစ်ဆင့် ဆောင်ရွက်ခဲ့ရာမှ China Department of Animal and plant Quarantine ဌာနမှ အောက်ဖော်ပြပါ စိုက်ပျိုးရေးစားသောက်ကုန်စည်အုပ်စု (၇) မျိုးကို ပြောင်းလဲတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို Manual စနစ်ဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်-

(က) ကော်ဖီစေ့ (raw)၊ ကိုကိုးစေ့ (cocoa beans) (Unroasted coffee beans and cocoa beans)

( ခ ) ဟင်းသီးဟင်းရွက်အစိမ်းများ (Fresh and dehydrated vegetables)

( ဂ ) ဟင်းခတ်အမွှေးအကြိုင်များ {Plant Seasonings (Plant Species)}

(ဃ) စားသုံးနိုင်သည့် အစေ့အဆံများ {Edible grains}

( င ) ပဲမျိုးစုံ {Dried Beans}

( စ ) ဆီထွက်အပင်များ {Oilseeds (Oil Plant)}

(ဆ) တရုတ်တိုင်းရင်းဆေး ထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းများ

{Chinese Traditional Medicines}

အဆိုပါ ကုန်စည်အုပ်စု (၇) မျိုးအတွက် Manual စနစ်ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းအား ကုမ္ပဏီလုပ်ငန်းများမှ ကိုယ်တိုင်ဆောင်ရွက်၍မရပါ။ သက်ဆိုင်ရာ Competent Authority Department ထံ လျှောက်ထားရမည်။ စိုက်ပျိုးရေးထွက်ကုန်များအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။ သက်ဆိုင်ရာဌာနမှ တာဝန်ခံအရာရှိ (Competent Authority) ကသာ ၎င်းလျှောက်ထားမှုကို ဆောင်ရွက်နိုင်ပြီး စာ (သို့မဟုတ်) Email ဖြင့် dapq@customs.gov.cn သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သို့မဟုတ် မြန်မာနိုင်ငံရှိ တရုတ်သံရုံး တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှ တစ်ဆင့်ပေးပို့လျှောက်ထားရမည်။


အဆိုပါ https://cifer.singlewindow.cn/website တွင် online စနစ်ဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် Competent Authority ထောက်ခံချက်လိုသည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက်လျှောက်ထားသည့် ကုန်စည်အုပ်စုအပါအဝင် စုစုပေါင်းစောင်ရေ (၉၄၉) စောင်အား မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

http://dzs.customs.gov.cn/ Website တွင် Manual စနစ်ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လ ၂၈ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ပြီးဖြစ်သည့် စာရင်းများကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ထပ်မံသိရှိလိုသည်များရှိပါက အောက်ဖော်ပြပါ ဖုန်းနှင့် Email တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-


GACC, ရုံးလုပ်ငန်းအဖွဲ့
ပြည်တွင်းကုန်သွယ်မှုဌာနခွဲ
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ဖုန်းအမှတ်-၀၆၇-၃-၄၀၈၆၀၅, ၀၆၇-၃-၄၀၈၆၁၈
Email: myantrade.domestic@gmail.com


## STOCK EXCHANGE (31.7.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 31st Jul 2023

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 16,804 (Shares) | 39,392,900 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 437 | 3,670,800 | 33,109,694 | 278,121 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,850 | 3,969 | 11,548,300 | 38,929,150 | 114,841 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 4 | 30,000 | 10,400,986 | 78,007 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 1,509 | 2,338,950 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,400 | -50 | -2.04% | 2,350 | 2,400 | 2,300 | 2,860 | 6,589,000 | 19,977,223 | 47,945 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,900 | 4,900 | 4,900 | 194 | 950,600 | 10,497,598 | 51,438 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,800 | 1,900 | 1,800 | 7,831 | 14,265,250 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 21st Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.11 | +1.69 | +0.46% | 364.36 | 367.11 | 362.80 | 16,804 | 39,392,900 | 8 | 692,429 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Jul. 2022

| Trading Volume | Trading Value |
|---|---|
| 16,804 (Shares) | 39,392,900 (MMK) |

## Main Board

As of 1:00 pm, 21st Jul. 2022

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 16,804 (Shares) | 39,392,900 (MMK) |

| MYANPIX | 367.11 ▲ 1.69 |
|---|---|
| Total Volume (shares) | 16,804 |
| Total Value (MMK) | 39 mil |
| Listed Company | 8 |
| Market Cap. (MMK) | 692,429 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,400 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 100 |
| MAEX | 00008 | 1,850 | ▲ 50 |